
ဘဝကန္တာရထဲမှ ဟာသပျားရည်စက်များ
ခွန်သက်တင်ဆန်း

စာရေးသူ၏ကိုယ်ရေးမှတ်တမ်း
ဗိုလ်မှူးကြီးအောင်ကျော်ဦး(ခွန်သက်တင်ဆန်း)



၁၉၅၉ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် မင်းကြီးတောင်ခြေ၊ ပြည်မြို့၌ အဘ ဦးသက်တင်၊ အမိ ဒေါ်ပြုံးတင်တို့မှ မွေးဖွားသည်။ မွေးချင်း ၇ ယောက်ရှိပြီး၊ ညီ ၂ ယောက်၊ ညီမ ၄ ယောက်ရှိပါ သည်။

မင်္ဂလာဒုံမြို့၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ၁၉၇၆ ခုနှစ်တွင် ၁၀ တန်း အောင်မြင်သည်။ ၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်မှ ၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့ထိ အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၇) ကို တက်ရောက်သင်ကြား အောင်မြင်ခဲ့ပြီး တပ်မတော်အရာရှိတစ်ဦးအဖြစ် ကလော၊ ဖျာပုံ၊ ဗန်းမော်၊ ကျိုက်ထို၊ ကလေး၊ ဆားမှော်၊ ကုန်းလော(ဗန်းမော်)၊ ကျောက်ထော်၊ အမ်း၊ မိုင်းပန်၊ မန်ကတ်(တန့်ယန်း)၊ ဂျိုးဖြူ(တိုက်ကြီး)တို့ တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ကလောင်အမည် “ခွန်သက်တင်ဆန်း”ဖြင့် စာပေများ ရေးသားနေပြီး မြဝတီမဂ္ဂဇင်း၊ ငွေတာရီ မဂ္ဂဇင်း၊ လှိုင့်ဝှက်ဆန်းကြယ်မဂ္ဂဇင်း၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် နှစ်ပတ်လည်မဂ္ဂဇင်းများတွင် ဝတ္ထုတို၊ အခန်းဆက်ဝတ္ထုရှည်များဖြင့် ဖော်ပြပါရှိပါသည်။

လက်ရှိ အမှတ်(၁) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းတွင် တာဝန်ထမ်းဆောင်ပြီး စာပေများရေးသားလျက်ရှိပါသည်။

*

# စာရေးသူ၏ တင်ပြချက်

ကျွန်တော်သည် ၁၉၇၇ ခုနှစ်မှစ၍ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခုအချိန်ထိဆိုလျှင် ၃၈ နှစ်တာကာလသို့ ရောက်ရှိလာပါပြီ။ ကုသိုလ်ကံကြောင့်ဟုပင် ဆိုရမလားမသိပါ။ တာဝန်ထမ်းဆောင်ရာ ကာလတစ်လျှောက် တိုင်းစစ်ဌာနချုပ် အခြေစိုက်ရာ မြို့ကြီးများ (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေ၊ တောင်ငူ၊ ကျိုင်းတုံ၊ မြိတ် စသည်ဖြင့်)တွင် နေထိုင်ခဲ့ရခြင်းမရှိဘဲ အစွန်အဖျားများမှာပင် တာဝန်ထမ်းဆောင်ခဲ့ရပါ သည်။ စစ်သားဘဝ၏ အသက်စွန့်ကြိုးပမ်းရသော တိုက်ပွဲများ၊ ပင်ပန်းဆင်းရဲမှုများနေ့စဉ်ကြုံ တွေ့နေခဲ့ရသည်။ ထိုကဲ့သို့ စစ်သားတိုင်း ကြုံတွေ့နေရသည့် ဘဝအမောများမှ ခဏဖြစ်ဖြစ် ပြေပျောက်စေလိုသော ဆန္ဒပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် ဘဝကန္တာရထဲမှ ဟာသပျားရည်စက်များကို ရေးသားမိခြင်းဖြစ်ပါသည်။ ဖတ်ရှုခြင်းဖြင့် အပန်းဖြေနိုင်ပါစေဟု ဆန္ဒမွန်ဖြင့် ...

**နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။**

**ခွန်သက်တင်ဆန်း**

*

# ကျွန်တော်၏ ဆရာများ




တာဝန်ထမ်းဆောင်ခဲ့ရာတစ်လျှောက် ကျွန်တော်တို့ငယ်စဉ်တွင် သင်ကြားပေးခဲ့သော ဆရာများကို အောက်မေ့သတိရခြင်းဖြင့် ဂုဏ်ပြု

ရေးသားမိခြင်း ဖြစ်ပါသည်။

*

# ကျွန်တော်၏ ဆရာများ

ဇန်းမော်မြို့သည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိသည်။ သိမ်တော်ကြီးဘုရား၊ ရွှေကျီးနားဘုရားများ ထင်ရှားပြီး ဘာသာရေးကိုင်းရှိုင်းကြသူများလည်းပေါများလှသည်။ လေယာဉ်ကွင်း ရှိသော မြို့လည်း ဖြစ်သည်။

၁၉၈၅ ခုနှစ်ဝန်းကျင်။

ထိုအချိန်ကဇန်းမော်မြို့တွင် ခြေလျင်တပ်ရင်းတစ်ရင်းသာ အခြေပြုထားသောကာလလည်း ဖြစ်သည်။

ကျွန်တော်တို့၏ တပ်ရင်းမှူးမှာ စည်းစနစ်ကျနလွန်းသူ ဖြစ်သည်။ အရပ်အမောင်းကောင်းကောင်းနှင့် မန္တလေးသား လူပျိုကြီးဖြစ်ပါသည်။ ထိုစဉ်က တပ်ရင်းမှူးများတွင် လူပျိုကြီးဆို၍ ကျွန်တော်တို့ တပ်ရင်းမှူးသာရှိသည်။ အိမ်ထောင်ပျက်မဟုတ်သော ငယ်ဖြူလူပျိုကြီးလည်း ဖြစ်သည်။

စကားပြောဆိုရာတွင် မန္တလေးသားပီပီ ယဉ်ကျေးလှသည်။ အရာရှိစစ်သည်များကို “လူကလေး”ဟုခေါ်ပြီး အမျိုးသမီးများကိုမူ “လုံမလေး” ဟု ခေါ်ဝေါ်ပါသည်။ အရာရှိဇနီးများ၏အမည်ကို ခေါ်ရာတွင်လည်း ထူးဆန်းလှသည်။ ဥပမာ ဗိုလ်ကြီး အောင်ကျော်ဦး၏ဇနီး မမြင့်မြင့်ဝေ ဆိုပါလျှင် နာမည်ကိုမခေါ်ဘဲ ဗိုလ်ကြီး အောင်ကျော်ဦး၏ဇနီးကို “မအောင်ကျော်ဦး”ဟု ခေါ်လိုက်ပါသည်။ နိုင်ငံကြီးသားများ ခေါ်ဝေါ်သုံးစွဲကြသော “မစ္စတာကလင်တန်” “မစ္စကလင်တန်” ပုံစံမျိုး နှင့်ပင် ဆင်တူ

နေသေးတော့သည်။ အရာရှိ ဇနီးများအား တွေ့၍ ....

"မခင်မောင်စန်းတို့ မခင်မောင်ဝင်းတို့ မမောင်မောင်သန်းတို့လာကြ"

ဟု ခေါ်လိုက်သောအခါများတွင် ကျွန်တော်တို့နားထဲ အဝင်ဆိုးလှပါသည်။ သူ့ဟာသူတော့လည်း နားလည်ကြသား။ အဆင်ပြေသွားကြပါသည်။

တစ်နေ့တွင် ကျွန်တော်၏ရုံးခန်းသို့ တပ်ရင်းမှူး၏တပည့် ကျော်အေးမောင်ရောက်လာပါသည်။ လက်ထဲတွင်လည်း စာရွက်လေး တစ်ရွက်ပါလာသည်။

"ဗိုလ်ကြီး .... တပ်ရင်းမှူးက စာပေးခိုင်းလိုက်လို့"

စာရွက်လေးအားဖွင့်ဖတ်လိုက်သည်။

"လူလေး .... လက်ဖက်သုပ်တွင်ထည့်စားရန် မြေပဲဆီ ၇.၅ ကျပ်သားပေးလိုက်ပါ"

တပ်တွင်းသက်သာဆိုင်တွင် မြေပဲဆီရှိပါသည်။ သို့ရာတွင် ဆီချိန်ခွက်မှာ ၅ ကျပ်သား၊ ၁၀ ကျပ်သား ခွက်များသာရှိသည်။ ထို့ကြောင့် ....

"သက်သာဆိုင်ကိုသွား ... ဆရာအောင်ငြိမ်းကိုပြောလိုက် မြေပဲဆီ ၁၀ ကျပ်သား ထည့်ပေး လိုက်ပါလို့"

ကျော်အေးမောင်လည်း သက်သာဆိုင်ဘက်သို့ ထွက်သွားသဖြင့် ကျွန်တော်လည်း ရုံးလုပ်ငန်းများ ဆက်လုပ်နေပါသည်။ အိမ်သူဇနီးမယားမရှိသော တပ်ရင်းမှူးကြီးလည်း အစားအသောက်ဆင်းရဲရှာသည်။ တပည့်ကျော်ချက်ကျွေးသမျှ စားနေရရှာ၍ ယခုလို လက်ဖက်သုပ်လေး စားချင်ရှာပေလိမ့်မည်။

နာရီဝက်ခန့်အကြာတွင် ကျော်အေးမောင် ပြန်ရောက်လာပြန်သည်။ လက်ထဲတွင်လည်း နောက်ထပ်စာရွက်တစ်ရွက် ကိုင်ထားပါသည်။

"ဘာလဲ ကျော်အေးမောင်"

"တပ်ရင်းမှူးက စာပြန်ရေးပေးလိုက်တယ်"

စာရွက်အားဖတ်ကြည့်လိုက်သောအခါ ....

"လူလေး ... ပိုသွားသော မြေပဲဆီ ၂.၅ ကျပ်သား ပြန်ပေးလိုက်တယ်"

"ဟင်း"

သက်ပြင်းပင်ချမိပါ၏။ တပ်ရင်းမှူးကြီးတစ်ယောက် မြေပဲဆီ ၂.၅ ကျပ်သားကို မည်ကဲ့သို့ချိန်ပြီး ပြန်ပေးလိုက်သည်ကို စဉ်းစားမရအောင် ဖြစ်ပါတော့သည်။

*

အခမ်းအနားတစ်ခု ကျင်းပပြီးသွားပါပြီ။ အခမ်းအနားတစ်ခု ပြီးသည်နှင့် ရေခွက်၊ ဓာတ်ဘူး၊ လက်သုတ်ပုဝါ စသည်တို့ကို ဘီဒို အတွင်း စနစ်တကျသိမ်းဆည်းရပါသည်။ တပ်ရင်းမှူး ချမှတ်ထားသော စည်းကမ်းများလည်း ဖြစ်ပါသည်။ ဒီနေ့မှာတော့ အခြား အလုပ်တစ်ခု ပေါ်လာ၍ ပစ္စည်းများသိမ်းရန် မမှာကြားမိလိုက်ပါ။ ရိပ်သာမှ ဆရာကြီးများကိုလည်း သီးခြားအလုပ်တစ်ခု ခိုင်းလိုက်မိပါသည်။

"တပ်ထောက်ဗိုလ်ကြီးနှင့် တပ်ရေးဗိုလ်ကြီးကို တပ်ရင်းမှူးခေါ်ပါတယ်"

သဘောတော့ပေါက်လိုက်ပါပြီ။ မျက်ခုံးခပ်လှုပ်လှုပ် ဖြစ်သွားသည်။

တပ်ရေးဗိုလ်ကြီးထံသွားပြီး နှစ်ယောက်သား တပ်ရင်းမှူးရုံးခန်းသို့သွားရာ တပ်ရင်းမှူးကြီးမှာ အခမ်းအနားလုပ်သော ခန်းမသို့ ရောက်နေသဖြင့် ဆက်လိုက်ခဲ့ကြပါသည်။

"လာ .... လူလေးတို့ ပစ္စည်းတွေ မသိမ်းရသေးဘူးကွဲ့"

"ဟုတ်ကဲ့ တပ်ရင်းမှူး။ ကျွန်တော်လည်း အလုပ်တစ်ခု ခိုင်းလိုက်မိလို့ မေ့သွားတာပါခင်ဗျ။ အခုကျွန်တော် သိမ်းလိုက်ပါမယ်"

ရေပက်မဝင်အောင်ပြောပြီး စားပွဲပေါ်မှ ဓာတ်ဘူးကို လှမ်းယူမည်အလုပ် ...

"တပ်မတော်မှာ အသေးအဖွဲဆိုတာမရှိဘူး လူလေးတို့၊ ခုလိုမေ့သွားရင် ပစ္စည်းတွေပျက်စီးကုန်မှာပေ့ါ ... ဒီတော့ လူလေးတို့နှစ်ယောက်က ဓာတ်ဘူးတွေကိုယ်တိုင်သိမ်းမှ မှတ်မိသွားလိမ့်မယ် စစ်တပ်ဆိုတော့ စစ်ရေးပြအတိုင်းလုပ်ကြတာပေ့ါ။ ဓာတ်ဘူးနောက်မှာ ရပ်လိုက်ကြပါ"

ကျွန်တော်နှင့် တပ်ရေးဗိုလ်ကြီးတို့ ဓာတ်ဘူး ၂ ဘူး၏ နောက်တွင် ရပ်လိုက်ကြပါသည်။

တပ်ရင်းမှူးထံမှ စစ်ရေးပြကို အမှတ်စဉ်အသေးစိတ်ဖြင့် လေ့ကျင့်နေသည့်အလား အောင်မြင်သောစစ်မိန့်သံကြီး ထွက်လာပါသည်။

"ဓာတ်ဘူးကိုင်ရန် ... အမှတ်စဉ် တစ်"

"တစ်"

ပါးစပ်ကလည်းအော် လက်ကလည်း ဓာတ်ဘူးကိုင်လိုက်ကြသည်။

" အမှတ်စဉ် .... နှစ်"

"နှစ်"

ခတ်ဘူးအား မလိုက်ကြသည်။

"အမှတ်စဉ် .... သုံး"

"သုံး"

ခတ်ဘူးအား ရင်ဘတ်ရှေ့တွင်ထားကာ ဘီဒိုရှိရာသို့ ချီတက်လာခဲ့ပြီး ဘီဒိုအတွင်းသို့ ထည့်လိုက်ကြပါတော့သည်။

"ဘယ် ... ညာ ... ဘယ် ... ညာ"

တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် နေရာတစ်လျှောက် ယခုကဲ့သို့ ပစ္စည်းများ သိမ်းဆည်းထားမှု မရှိသည်ကို တွေ့ရတိုင်းလည်း ကျွန်တော်၏ဆရာကို သတိရမိပါတော့သည်။

*

တပ်ရင်းမှူး၏ အိမ်တွင်ဖြစ်ပါသည်။

"လာ ... လူလေး၊ လူ ၅၀ လောက် ကြက်သားကြာဇံဟင်းခါးကျွေးချင်လို့"

တပ်ရင်းမှူးကြီးမှ လှမ်းပြောလိုက်ပါသည်။

"ဟုတ်ကဲ့ .... ရပါတယ်ခင်ဗျ။ ဆရာကြီးဟန်ထွန်းတို့ကို တာဝန်ပေးလိုက်ပါ့မယ်"

"ကျုပ်က စနစ်တကျလေးလုပ်ချင်တာ။ ဒီတော့ ကျုပ် ပြောမယ့်အတိုင်း ချက်ပေ့ါဗျာ။ လူလေးက စာရွက်ယူပြီး လိုက်မှတ်လိုက်ပါ"

"ဟုတ်ကဲ့"

တပ်ရင်းမှူးကြီးထံမှ ကြက်သားကြာဇံချက်ရန် လိုအပ်သော အမယ်

စာရင်းများ ထွက်လာပါ သည်။

"ကြက် ၇၀ ကျပ်သားထက်မကြီး၊ ၆၀ ကျပ်သားထက် မငယ် ၂ ကောင်၊ ကြက်သွန်နီ ကျပ်လုံးခန့်အရွယ် ၁၀ လုံး၊ ကြာဇံ ၂ ပိဿာ"

အောင်မလေးဟဲ့ တိကျလိုက်လေခြင်း။ တပ်ရင်းမှူးပြောသော အရေအတွက်အတိုင်း ဝယ်လာပြီး ပြရသေးသည်။ ချက်ပြုတ်သည့်အခါ တွင်တော့ အဆင်ပြေအောင် ချက်လိုက်သည်ကို တပ်ရင်းမှူးကြီး မသိ လိုက်ပါ။ ထိုမျှအထိ အသေးစိတ်သော ကျွန်တော်၏ဆရာ ဖြစ်ပါသည်။

*

စိန်လုံစခန်းတွင် ဖြစ်သည်။ တောင်ပေါ်ဖြစ်ပြီး ရာသီဥတုဆိုးရွာ လွန်းလှသည်။ ဒီဇင်ဘာလ ဖြစ်၍လည်း အအေးဓာတ်က ပိုမိုနေလေ သည်။ စခန်းတွင်း အနွေးဓာတ်ရအောင် မီးဖိုများနှင့်နေရပါသည်။

ထိုအချိန်တွင် အာမီရမ်မှာ လွန်စွာအသုံးဝင်ပါသည်။ ခန္ဓာကိုယ် အတွင်း နွေးထွေးစေရန် ပါစကဓာတ်မှီဝဲကြရပါသည်။

တပ်ရင်းမှူးကြီးအတွက်လည်း ညနေတိုင်း ယမကာမှီဝဲရန် စီစဉ် ပေးရပါသည်။ အာမီရမ် ၂ ပက်ကို ငါးကြင်းခွက်ကြီးအတွင်း ရေအပြည့် ရော၍ မြေပဲဆံ(၁၅)စေ့နှင့် သောက်လေ့ရှိပါသည်။

ထောက်လှမ်းရေးအရာရှိ ဗိုလ်သော်တစ်ယောက် အာမီရမ်လေးနှင့် ငြိမ်နေသည်။ တပ်ရင်းမှူးကြီးမှ မကြာခဏခေါ်တတ်၍ ရသည့်အချိန် အတွင်း လစ်မစ်မီအောင် ကသောကမျော သောက်နေရသည်။ အရက် သောက်တာပင် ဇိမ်မကျပါကလား။

"မောင်သော်"

"ရှိ"

လုပ်ပြီ၊ ဒီအချိန်ဆို အမြဲခေါ်သည်။ သူကသာ သောက်ထားသည်။ သူများထံမှ အရက်နံ့နံ သည်ကို မကြိုက် ... ခက်ချေပြီ။ ဘာရမလည်း ကြိုတင်စီစဉ်ထားသည့်အတိုင်း တပ်ရင်းမှူးထံမသွားခင် သွားတိုက်ဆေးကို လက်ထဲထည့်ပြီး ပါးစပ်အတွင်းနှင့် သွားများကို ပွတ်လိုက်ပါတော့သည်။ သွားတိုက်ဆေးအနံ့နှင့် အရက်နံ့ ရောသွားပေသည်။ ဗိုလ်သော် ပိုင်ပါပေသည်။ တပ်ရင်းမှူးထံရောက်တော့ -

"ဘာလုပ်နေလဲ မောင်သော်"

"ကြေးနန်းရေးနေတာပါခင်ဗျ"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

သံသယရှိသော်လည်း ကိုယ်တိုင်ကလည်း သောက်ထားသဖြင့် အနံ့များရောထွေးနေကာ နှာခေါင်းတရှုံ့ရှုံ့လုပ်နေသည်။

"ဘာထူးသလဲ"

"မထူးပါဘူးခင်ဗျ"

"ဒါဆိုသွားတော့"

တပ်ရင်းမှူးမှ အိုင်အိုဗိုလ်သော်တစ်ယောက် အရက်သောက်ထားခြင်း ရှိ/မရှိ ခေါ်စစ်ဆေးခြင်းလည်းဖြစ်ပါသည်။

စစ်ဆင်ရေး တစ်လျှောက်လုံး ထိုနည်းနှင့် အဆင်ပြေခဲ့ပါသည်။ တပ်ရင်းမှူးကြီးခေါ်လိုက်တိုင်း သွားတိုက်ဆေးက တိုက်ပြီးသားပဲ အကျင့်တောင်ဖြစ်နေတော့သည်။

စစ်ဆင်ရေးပြန်ဝင်ပါပြီ။

နောက်တန်းဌာနချုပ်တွင် လေ့ကျင့်မှုများ ပြင်ဆင်မှုများဆောင်ရွက်နေကြသည်။ ဘဏ်တွင် နမူနာလက်မှတ်များ ရေးထိုးရန်ရှိ၍ တပ်ရင်းမှူးနှင့် အတူဗိုလ်သော်လည်း ဘဏ်ကိုရောက်လာပါသည်။ ဗန်းမော်တွင် အမျိုးသမီးစာရေးမ အပျိုချောများပေါ၍လည်း ဗိုလ်သော်တစ်ယောက် ဘုရားဖူး၊ လိပ်ဥလည်းတူးရန် စဉ်းစားလာခဲ့သည်။ ဘဏ်အပေါ်ထပ်သို့ ရောက်သည်နှင့် အပျို တစ်အုပ် တပ်ရင်းမှူးကြီးနားသို့ ဝိုင်းလာကြပါသည်။

"အဘ သမီးတို့ ဘာလုပ်ပေးရမလဲ"

"ရတယ်။ မောင်သော်ပါတယ် သူဆက်လုပ်လိမ့်မယ်"

ဗိုလ်သော်လည်း စာရွက်စာတမ်းများတွင် ဖြည့်သွင်းနေပါသည်။

"ဒါနဲ့ လုံမလေးတို့ အိမ်ထောင်မပြုကြသေးဘူးလား"

"အာ … အဘကလည်း။ အဘရှာပေးလေ ဗိုလ်ချောချောလေး တစ်ယောက်လောက်"

သူတို့ကလည်း မခေပေ။ အုပ်စုတောင့်တော့ ပြောရဲကြမပေါ့။

"ငါ့တပည့် ဗိုလ်သော်တော့ ရှိတယ်။ ငါကတော့ သဘောတူတယ်"

ဗိုလ်သော်ပင်လျှင် ရှိန်းတိန်းဖိန်းတိန်းဖြစ်သွားရသည်။ သူကပဲ အောင်သွယ်ပေးနေသေးတော့ …

"သမီးတို့က လူများတယ်။ ဗိုလ်သော်က ဘယ်သူ့ကို ကြိုက်မှန်းမှ မသိတာ"

နဂိုခင်မင်ပြီးသား မကျော့က ဝင်၍ အတို့အထောင်လုပ်ပေးလိုက်သည်။

“အေး …. ဒါပေမဲ့ … မောင်သော်နဲ့ ယူရင် လုံမလေးတို့သည်းခံရမယ်ကွဲ့”

“ဘာဖြစ်လို့လဲ အဘ”

“မောင်သော်က … အာမီရမ်တင်မကဘူး သွားတိုက်ဆေးပါ …. စွဲနေပြီလေ”

“ငင်”

ဗိုလ်သော်တစ်ယောက် လုပ်နေသော အလုပ်များရပ်တန့်သွားပါတော့သည်။ သူသိနေတာ ကိုး။

တွေ့ဆုံကြိုကွဲဘ၀ထဲတွင် ကျွန်တော်ဆရာသမားများ ဆုံးမသွန်သင် ပြုပြင်ခဲ့မှုများကို တိုက်ဆိုင်မှုရှိတိုင်း သတိရနေကာ ဆရာများကိုလည်း အမြဲဦးချကန်တော့ နေရပါတော့သည်။

*

# စနစ်ကြီးလွန်းသူကြီး

စနစ်ကျနအောင် သင်ပြပေးခဲ့၍လည်း အမှတ်ရနေသည်။ သင်ပြပေးပုံများ ထူးခြားနေ၍လည်း သတိရမိသည်။ စီစစ်ပါများလွန်းတော့လည်း စစ်စီသလို ဖြစ်လာသည်။ နှစ်ပေါင်း(၃၀)ကြာမြင့်ခဲ့သော်လည်း မနေ့တစ်နေ့ကလို ဖြစ်နေသည်။ စိတ်တို့သည် ဆန်းကြယ်လှပေစွ။ အတိတ်၏ အရိပ်များဆီသို့ လျင်မြန်စွာ ပြန်လည်ရောက်ရှိသွားပါသည်။

တပ်ရင်းမှူးရုံးခန်းတွင် အစည်းအဝေးရှိသည်။ အပတ်စဉ်တနင်္လာနေ့တိုင်းပြုလုပ်သည်။ ဒုတိယတပ်ရင်းမှူးမှအစ အရာရှိအားလုံးနှင့် အကြပ်ကြီးအဆင့် တာဝန်ခံအထိ တက်ရောက်ရသည်။ တပ်ရင်းမှူး၏ အသေးစိတ်စိစစ်ပုံ၊ စနစ်ကျလွန်းပုံမှာလည်း လိုက်မမီနိုင်အောင် ရှိပါသည်။ သဘာဝထက်လွန်သွားသော အကြောင်းအရာများမှာ ဟာသအသွင်ပြောင်းသွားကြသည်။ မှတ်မိနေပါသေးသည်။

တပ်ရင်းမှူးရုံးခန်းမှာ သစ်သားများဖြင့် ကာရံထားပြီး ရေနံချေးသုတ်ထားသည်။ အစည်းအဝေးတက်ရန် လာကြသူများ၏ မျက်နှာများမှာ ညှိုးငယ်နေကြသည်။ နားညည်းကြရပေဦးမည်။ တပ်ရင်းမှူးရုံးခန်းတွင်းသို့ လေးတွဲ့စွာဖြင့် ဝင်လာကြသည်။ အစည်းအဝေးတိုင်းတွင် အထက်ဌာန ဝင်စာ၊ လက်အောက်သို့ ထွက်သည့် စာ/ကြေးနန်းများကို တပ်ရင်းမှူးကြီး ကိုယ်တိုင် အသေးစိတ် ဖတ်ပြလေ့ရှိသည်။ စာသားပါအကြောင်းအရာကို ပြောလျှင်ရသော်လည်း ကြေးနန်းတိုင်းဝင်စာ တိုင်း

ကို အသေးစိတ်ဖတ်ပြလေ့ရှိသည်။ ကြေးနန်းစာ၏ထိပ်တွင် -

"မှတ်ပုံတင်ကြေးနန်းပုံစံ(အစား)" ပေးပို့သူကို "ပ။ မပခ" လက်ခံသူကို " လ ။ ခလရ (၄၇)" စာအမှတ် " ၁ ဦး ၁ ။ လ၀ ၂" ဟုရေးသားပါရှိသည်။ ထိုကြေးနန်းစာမျိုးကို တပ်ရင်းမှူးကြီးမှ အောင်မြင်သော အသံ၀ါကြီးနှင့် ....

"အထက်ဌာနကြေးနန်း နားထောင်ကြ။ မှတ်ပုံတင်ကြေးနန်းစာပုံစံ ကွင်းစ အစား ကွင်းပိတ်၊ ပေးပို့ ပုဒ်မ မပခ ... လက်ခံ ပုဒ်မ . ခလရ . ကွင်းစ . လေးဆယ့်ခွန် ကွင်းပိတ်၊ ၁ ဦး ၁ ပုဒ်မ လ၀ ၂ ပုဒ်မ"

တိကျလိုက်လေခြင်း၊ ပုဒ်ထီး ပုဒ်မ ကွင်းစ ကွင်းပိတ်မှအစ အသေးစိတ်ဖတ်ပြနေရာ၊ သိပြီးသားအကြောင်းအရာကို အချိန်ကုန်ခံကာ နားထောင်ကြရသည်။ ကြေးနန်းတစ်စောင်ဖတ်လျှင် နာရီ၀က်ခန့်ကြာသည်။ စိတ်ရှည်သည်းခံတတ်စေရန် လေ့ကျင့်ပေးခြင်းဖြစ်မည်ထင်ပါသည်။ ကြေးနန်းဖတ်ပြ၍ ကောင်းနေစဉ် တပ်ရင်းမှူးထိုင်ခုံ နောက်ကြောဘက် ပြူတင်းပေါက်မှာ လေတိုက်သဖြင့် ဝုန်းခနဲ နံရံနှင့် တံခါးချပ် ပြေးဆောင့်သည်။ တံခါးဂျိတ်များ မချိတ်ထားမိပါလား။

"တပ်ကြပ် ကျော်သာအောင်"

"ရှိ"

ဗဟိုကင်း ကင်းမှူးအား ဖတ်လတ်စကြေးနန်းကိုရပ်၍ လှမ်းခေါ်လိုက်သည်။ တပ်ရင်းမှူး ရုံးခန်းနှင့် မျက်နှာချင်းဆိုင် ဗဟိုကင်းမှ တပ်ကြပ်ကျော်သာအောင် အပြေးတစ်ပိုင်းရောက်လာသည်။

"လူလေး .... တပ်ရင်းမှူးရုံးခန်း တံခါးပေါက်တွေမှာ တံခါးဖွင့်ရင် ဘာလုပ်ရမလဲ"

“ဂျိတ် ချိတ်ရပါမယ်”

“ပြန်ပြော”

“ဂျိတ်ချိတ်ရပါမယ် ခင်ဗျ”

“ခု ချိတ်ထားလား”

“ဟုတ် … မေ့သွားလို့”

“အေး … ဒါဆို မှတ်မိအောင်လို့ တံခါးဖွင့်ရင် ဂျိတ်ချိတ်ရမည်ဆိုတာကို ဆယ်ခါဆိုပြီး ဖြုတ်လိုက် တပ်လိုက်လုပ်”

“ဟုတ်ကဲ့။ တံခါးဖွင့်ရင် ဂျိတ်ချိတ်ရမည်”

“တစ်”

“ဟုတ်ကဲ့။ တံခါးဖွင့်ရင် ဂျိတ်ချိတ်ရမည်”

“နှစ်”

တပ်ကြပ် ကျော်သာအောင် ရခိုင်သံဝဲဝဲနှင့် တစ်ခါဆိုလိုက်တိုင်း တပ်ရင်းမှူးကြီးမှ လက်ညှိုးလေးချိုးပြီး “တစ်”၊ “နှစ်” စသည်ဖြင့် အမှတ်စဉ် “တစ်ဆယ်” အထိ ရေတွက်နေပုံမှာ သူငယ်တန်းကလေးကို စိတ်ရှည်သော ဆရာမကြီးမှ စာသင်ပေးနေပုံနှင့်တူလှပေသည်။ ရယ်ချင်သော်လည်း မရယ်ရဲခဲ့၊ အားလုံးပြုံးစိစိ။

ကြေးနန်းစာများဖတ်ပြပြီးနောက် ရုတ်တရက် တပ်ရင်းမှူးထံမှ စစ်မိန့်သံ တစ်ခုထွက်ပေါ်လာပါသည်။

“အားလုံး တန်းထ”

ထိုင်နေသော အရာရှိစစ်သည်အားလုံးမတ်တတ်ရပ်လိုက်ကြသည်။ ပြုံးစိစိလုပ်တာများ သိသွားလေသလား စိုးထင့်လျက် …

"ညာ လှည့် "

ထိုင်ခုံများမှ မိမိတို့ ညာဘက်သို့လှည့်လိုက်ကြသည်။

"အမြန်လျှောက်ဆိုတာနဲ့ ဒုတပ်ရင်းမှူးကြီးက ဦးဆောင်ပြီး ရုံးခန်း အပြင် ကော်ရစ်တာကို လျှောက်ရမယ်၊ စစ်မိန့်သံအတိုင်း ဆက်လုပ်ရ မယ်၊ အမြန်လျှောက် ...."

ဒုတပ်ရင်းမှူးဦးဆောင်ပြီး ရုံးခန်းအပြင်ဘက်ကော်ရစ်တာသို့ ချီ တက်ကြသည်။ ရှေ့နောက် တန်းချီတက်နေ၍ တစ်ယောက်တန်း စစ်ကြောင်းရှည်ကြီးဖြစ်လေသည်။ ပိုးနေသန် ကောင်လိုလို၊ ကင်းခြေများလိုလို တူပင်တူနေသေး တော့သည်။

"ဘယ် ညာ၊ ဘယ် ညာ"

တပ်ရင်းမှူးကြီးအမိန့်အတိုင်း လျှောက်ရသည်။ တပ်ရင်းမှူး ရုံးခန်း အပြင်ဘက် သစ်သား ထရံဘေးမှ ဖြတ်လျှောက်နေစဉ် ...

"ဒုတပ်ရင်းမှူးကစပြီး ကုန်းပြီးလျှောက်ပါ"

ဘယ်လိုကြီးပါလိမ့်၊ ရုတ်တရက် တွေဝေသွားသော်လည်း အမိန့် အတိုင်း လုပ်ကြရပါ သည်။

"ကုန်း ... နည်းနည်းထပ်ကုန်းဦး"

အသက်(၈၀)ကျော် ခါးကိုင်းနေသော အဘိုးကြီးများ တလှုပ်လှုပ်နှင့် ယိမ်းကနေသကဲ့သို့ ဖြစ်နေပါသည်။

"ညာ ကြည့်"

ခါးကိုင်းထားပြီး ကုတ်ကွ ကုတ်ကွနှင့် ဘယ်ညာမှန်မှန်လှမ်းနေကြ ရာမှ ညာဘက်သို့ လည်ပင်းများကို လိမ်၍ကြည့်လိုက်ကြသည်။

“လား လား”

တွေ့ပါပြီ။ ညဘက်ရုံးတွင် ကင်းကျသော စစ်သည်များမှာ တပ်ရင်းမှူး ရုံးခန်းအပြင်ဘက် ကော်ရစ်တာတွင် အိပ်ကြသည်။ သစ်သားနှစ်ချပ်ထပ်၍ ထားသောကြားတွင် တုတ်တိုများထိုး၍ ခြင်ထောင် ထောင်အိပ်ကြသည်။ ကင်းတာဝန် ပြီးသွားတော့ ခြင်ထောင်သာ ဖြုတ်သွားကြသည်။ တုတ်တိုများကို ထားခဲ့သည်။ ပျဉ်ပြား ၂ ခု ကြား အောက်ဘက်မှ ထိုးထား၍လည်း ရုတ်တရက် မမြင်လိုက်ကြ။ ခုတော့ တွေ့ပေပြီ။ တပ်ရင်းမှူးကြီး၏ ကျေးဇူးပေ့ါ။

လူတန်းကြီးမှ ဒုတ်တိုများကို ကုန်း၍လည်လိမ်ကာကြည့်ပြီး သောအခါ ...

“ပြန်ထ ဘယ်ညာ ဘယ်ညာ”

တပ်ရင်းမှူး၏ ဘယ်ညာသံနှင့်အတူ ရုံးခန်းအတွင်း မူလနေရာများသို့ အားလုံးပြန်ရောက် သွားမှ ...

“တန်းရပ်”

“အားလုံး ထိုင်နိုင်ပြီ”

အစည်းအဝေး တက်ရောက်သူအားလုံး ခါးကြော၊ လည်ချောင်းကြောများ အကြောပြေ သွားကြပြီး ချွေးသံရွှဲရွှဲနှင့် ထိုင်လိုက်ကြပါသည်။

“တပ်ရင်းမှူးရုံးခန်းဆိုတာ တပ်ရင်းရဲ့ အထွတ်အမြတ်နေရာကွဲ့။ လူလေးတို့မြင်ခဲ့ရသလို တုတ်တိုတွေထိုးထားတော့ ပနံရပ့ါမလား ကွဲ့”

“မရပါဘူး ခင်ဗျ”

“ဖြစ်ကော ဖြစ်သင့်ရဲ့လားဟေ့”

“မဖြစ်သင့်ပါဘူး”

“အေး ... နောက်ဆို မဖြစ်စေနဲ့ တာဝန်ရှိသူ အဆင့်ဆင့်ထိန်း”

ပညာသား မပါဘူးလားခင်ဗျာ။ အသဲစွဲအောင်မှတ်မိသွားပါသည်။ ညက ကင်းသမားတော့ နာပြီသာမှတ်။

*

ဗုဒ္ဓဟူးနေ့ဖြစ်သည်။

တပ်ရင်းမှူးရုံးခန်းအတွင်း လိုက်လံကြည့်ရှုစဉ် အတူလိုက်ပါရပါသည်။ ထောက်လှမ်းရေး ရုံးခန်းသို့ ရောက်သောအခါ ထောက်လှမ်းရေး စစ်သည် တပ်သားချစ်ငွေ တပ်ရင်းမှူးကိုကျောပေး၍ ဝှက်စာဖော်နေပါသည်။ ထိုင်နေသောခုံကို ရှေ့တိုးနောက်ငင်နဲ့ပြီး အလုပ်အား စိတ်ဝင်တစား လုပ်နေသည်။ ထိုင်ခုံမှာ ခြေထောက်နှစ်ချောင်းထဲပေါ်တွင် ရပ်နေရသည်က များသည်။

နောက်မှရောက်လာသော တပ်ရင်းမှူးမှ တပ်သားချစ်ငွေ၏ ပခုံးအား ပုတ်လိုက်ပြီး ...

“လူလေး ...”

“ဗျာ”

တပ်သားချစ်ငွေ ရုတ်တရက် လန့်သွားသည်။

“ဘာလုပ်နေလဲ”

“ဝှက်စာဖော်နေတာပါခင်ဗျ”

"အေး … အလုပ်လုပ်တာတော့ကောင်းတယ်။ ဒါပေမဲ့ မင်းခုနက ထိုင်ခုံကို နှဲ့နေတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"အေး … ထိုင်ခုံကို နှဲ့ရင် ပျက်စီးတတ်တယ်။ မင်းအဝိုင်းပေါက် ရေးတတ်လား"

"ဟုတ်ကဲ့"

"(ထိုင်ခုံနှဲ့ရန်မဟုတ်) စာသား ဆယ်ခုရေး၊ ပြီးရင် ထိုင်ခုံအားလုံး လိုက်ကပ် ကြားလား"

"ဟုတ်ကဲ့"

တပ်သားချစ်ဆွေ အဝိုင်းပေါက်လေးကိုင်ပြီး ကြောင်စီစီနှင့် ကျန်ခဲ့တော့သည်။ ဆက်သွယ်ရေးရုံးခန်းသို့ အဝင်မှာတော့ ဆက်သွယ်ရေး တပ်သား အောင်ဝင်း စာရေးစားပွဲပေါ်တွင် အိပ်ပျော် နေသည်။ ညဘက် အိပ်ချိန်းတာဝန်ကျထားပုံရသည်။ ကျွန်တော်မှ ….

"ဟေ့ကောင် … ထ ထ တပ်ရင်းမှူးလာတယ်"

တပ်သားအောင်ဝင်း အလန့်တကြား ထလိုက်ပြီး တပ်ရင်းမှူးအား အလေးပြုလိုက်ပါ သည်။

"လူလေး တော်တော်အိပ်ရေးပျက်နေတယ် ထင်တယ်။ ခု လူလေး အိပ်နေတာ ခုတင်လား စာရေးစားပွဲလား"

"စာရေးစားပွဲပါခင်ဗျ"

"စာရေးစားပွဲပေါ်အိပ်လို့ရလား"

"မရပါဘူး ခင်ဗျ"

"အေး ... မှတ်မိသွားအောင် ထောက်လှမ်းရေးဌာနကိုသွား၊ အဝိုင်းပေါက်ငှား၊ ပြီးရင် (စာရေးစားပွဲ၊ အိပ်ရန်မဟုတ်) စာသားဆယ်ခုရေး၊ စားပွဲအားလုံး လိုက်ကပ်ကြားလား"

"ဟုတ်ကဲ့"

ကျွန်တော်တို့ရုံး၏ ကုလားထိုင်နှင့် စားပွဲများတွင် စာတမ်းလေးများ ကိုယ်စီနှင့် ကြည့်ပင် ကောင်းတော့သည်။

*

ဒီတစ်ခါပြဿနာက ကျွန်တော်ထံ ရောက်လာတော့သည်။ အထက်ဌာနသို့ပို့သောစာများကို တပ်ရင်းမှူး၏ ကိုယ်စားလှယ်လက်မှတ်ရေးထိုးရပါသည်။ လကုန်ပြီးစရက်များတွင် ပြန်တမ်းများပို့ရသည့်အခါ ရုံးစာများ လက်မှတ်ထိုးရန် များပြားလှသည်။ ရုံးစာတစ်စောင်တွင် လက်ခံ၊ မိတ္တူများရှိ၍ အကြောင်းအရာတစ်ခုကိုပင် လက်မှတ် ၆ ခါ လောက် ထိုးရပါသည်။ တစ်ခါတစ်ရံ လက်မှတ်ထိုးနေရင်း နေ့ဝက်အချိန်ကုန်သွားတတ်သည်။

ယနေ့ တပ်ရင်းမှူးထံတင်သော မျောစာတွင် အထက်ဌာနသို့ပို့သည့် ရုံးစာတစ်စောင် လက်မှတ်ပါမသွားခဲ့ပါ။ သေသေချာချာဂရုစိုက်နေသည့်ကြားက လွတ်သွားခြင်းဖြစ်သည်။

"တပ်ရင်းမှူး ခေါ်ပါတယ်"

"အေး ... လာပြီ"

ထင်သည့်အတိုင်းပင်။ တပ်ရင်းမှူးရှေ့ရောက်သောအခါ ...

"လူလေး အထက်ဌာနပို့တဲ့ စာတစ်စောင်မှာ တပ်ရင်းမှူး(ကိုယ်စား)လက်မှတ် ပါမသွားပါလား"

"ဟုတ်ကဲ့ ... ကျွန်တော်လည်း ပြန်တမ်းတွေ လက်မှတ်ထိုးနေတာနဲ့ သေချာပြန်မစစ်မိ"

စကားပင် မဆုံးလိုက်ပါ။

"လူကလေး ငယ်ငယ်ရွယ်ရွယ်နဲ့ မေ့တတ်တာဘဲ။ တပ်ရင်းမှူးက မစိစစ်ဘူးလို့ အထက်ဌာနက ထင်သွားမှာပေါ့။ လူလေးအမြဲမှတ်မိသွားအောင် တပ်ရင်းမှူးမှတ်ချက်အတိုင်း လုပ်ပါ"

"ဟုတ်ကဲ့"

တပ်ရင်းမှူးမှတ်ချက်မှာ ...

"လက်မှတ်မပါ ရှက်စရာ အခါ ၅၀၀ ထိုးလိုက်ပါ"

ဟူသတည်း။

ထိုနေ့က တစ်နေ့လုံး စာရွက်အလွတ်များတွင် လက်မှတ် ၅၀၀ ပြည့်အောင် ထိုးလိုက်ရပြီး တပ်ရင်းမှူးထံသွားပြရပါသည်။ လက်အံကိုသေရော။

*

သိမ်တော်ကြီးဘုရားပွဲ စနေပြီ။ ပန်တျာကြည်လင်ဇာတ်သဘင်ကြီး (၁၀)ရက်တိတိ ကပြ မည်။ ပွဲဈေးတန်းမှာ ရှည်လျားလှပြီး အခြားကြည့်ချင်ပွဲများလည်းပါလေသည်။ တစ်နှစ်မှတစ်ခါဖြစ်၍လည်း ပတ်ဝန်းကျင်ကျေးရွာများနှင့် အနယ်နယ်အရပ်ရပ်မှ လာကြသည်။ စည်ကားလှပေစွ။

တပ်ရင်းမှူး၏ လက်ဖြောင့်စစ်သည်(၁၀)ဦးမှ သတင်းပို့သည်။ ဘုရားပွဲသွားကြည့်လို ကြောင်း ပြောလာသဖြင့် စစ်သည်(၁၀)ဦးစလုံး

ကို တပ်ရင်းမှူးခေါ်တွေ့သည်။

“လူလေးတို့ ပွဲကြည့်ချင်တာလား”

“ဟုတ်ကဲ့ ပန်တျာကြည်လင်ဇာတ်က သိပ်ကောင်းလို့ပါခင်ဗျ”

“ပွဲကို အစအဆုံး ကြည့်မှာလား”

“ကြည့်မှာပါခင်ဗျ”

“ပွဲကို အစအဆုံး ကြည့်မယ်ဆိုရင်တော့ ခွင့်ပြုမယ်”

“ဟုတ်ကဲ့။ ကြည့်မှာပါခင်ဗျ”

“ကဲ ... တပ်ရေးဗိုလ်ကြီးက ကင်းတာဝန်လဲပေးပြီး လူလေးတို့ (၁၀)ယောက်ကို ပွဲကြည့် ခွင့်ပေးလိုက်ပါကွယ်”

လက်ဖြောင့်စစ်သည်အားလုံး ပြုံးပျော်နေကြသည်။ ပွဲသွားရန် အကောင်းစားများဝတ်ဆင် ကြသည်။ ချစ်သူနှင့် ချိန်းတွေ့မည့်သူ၊ ပွဲဈေးလျှောက်ပြီး စားသောက်မည့်သူ၊ ပွဲတိုင်းတွင် မပါမဖြစ်သည့် ဆင်၊ ကျား၊ လိပ် သွားထိုးမည့်သူ အတွေးကိုယ်စီနှင့် အစီအစဉ်များရေးဆွဲနေကြတော့ သည်။

နောက်တစ်နေ့ရုံးသို့အသွား တပ်ရင်းမှူးအိမ်ရှေ့ကွက်လပ်တွင် ကျားသစ်ချောင်းချီတက်နည်းကို လေ့ကျင့်နေကြသော ရဲဘော်(၁၀)ဦးကို တွေ့ရသည်။ ကျားသစ်ချောင်းသွားနည်းမှာ လက်အား၊ တံတောင်ဆစ်အား၊ ဒူးအား၊ ခါးအားတို့အား တစ်ပြိုင်တည်း အလုပ်လုပ်ကြသည်။ ရန်သူနှင့်နီးလျှင် ချီတက်သည့်ပုံစံဖြစ်၍ ပင်ပန်းသည်။ တံတောင်များ ဒူးများပွန်းတတ်သည်။

စခန်းတိုက်မည့် စစ်ဆင်ရေးလည်း မကြားမိပါဘူး။ ကွန်မန်ဒိုတပ်ဖွဲ့

တွေများလား။ အနီးကပ်ကြည့်လိုက်တော့မှ ညက ပွဲသွားကြည့်ကြသော လက်ဖြောင့်အဖွဲ့။ ဆရာကျော်အေးမောင်ထံမှ ဖြစ်ကြောင်းစုံလင် သိရပါတော့သည်။

နံနက် ၀၆:၀၀ နာရီတွင် ပွဲပြန်စစ်သည် (၁၀)ဦး တန်းစီပြီး တပ်ရင်းမှူး စကားပြောသည်။

"ညက ပွဲကောင်းလားဟေ့"

"ကောင်းပါတယ်ခင်ဗျ"

"ပွဲပြီးတဲ့အထိ ကြည့်ဖို့မှာလိုက်တယ်။ ကြည့်ခဲ့တယ် မဟုတ်လားဟေ့"

"ကြည့်ခဲ့ပါတယ်။ နောက်ပိုင်းဇာတ်ထုတ်က ပိုကောင်းတယ်ခင်ဗျ"

အမှန်တော့ဘယ်သူမှပွဲကို နောက်ပိုင်းဇာတ်ထုတ်ပြီးအောင်မကြည့်ပါ။ ပွဲကိုခဏသာကြည့်ပြီး မိမိတို့ဝါသနာပါရာများ လိုက်လုပ်နေကြခြင်း ဖြစ်သည်။

"အေး ... အေး ... နောက်ပိုင်းဇာတ်ထုတ်နာမည်က ဘာလဲကွယ့်"

"ဗျာ"

လက်ဖြောင့်အားလုံးသံပြိုင်အော်လိုက်ကြသည်။ တစ်ယောက်မှ မသိပါ။

"မဖြေနိုင်ကြဘူးလားကွဲ့"

"မသိပါဘူး"

"မင်းတို့ပွဲကြည့်ဖို့ခွင့်တောင်းတုန်းက ပွဲပြီးတဲ့အထိ ကြည့်မယ်ဆို ဒီတော့ မင်းတို့မှာ အပြစ်ရှိလား"

“ရှိ ... ရှိပါတယ်”

“ကျားသစ်ချောင်းသွားနည်း လေ့ကျင့်မယ်။ တစ်ယောက်ကို အခေါက်(၂၀)ပြည့်အောင် လေ့ကျင့်”

နောက်ပိုင်းဇာတ်ထုတ်အမည်မှာ “မဟာ ပဒုမပေါင်တို”ဖြစ်ပါသည်။ ပွဲရုံအဝင်မှာပင် ကြော်ငြာထားပါသည်။ သူတို့မတွေ့ခဲ့ကြ။

ပန်တျာကြည်လင်မှ မဟာပဒုမပေါင်တိုဇာတ်တွင် ခြေ၊ လက်များ အဖြတ်ခံရ၍ ငိုကြွေးသလို စစ်သည်(၁၀)ဦးမှာလည်း ကျားသစ်ချောင်း တက်ရ၍ ဒူးများတံတောင်များပွန်းကာ ရှုံ့မဲ့နေ ကြပါတော့သည်။

*